၂၀၂၄

အမှတ်စဉ် (၁)

# ချင်းပြည်နယ် ဖြတ်သန်းမှု- နိုင်ငံရေး၊ စစ်ရေးနှင့် လူမှုရေးရာ လစဉ်မှတ်တမ်း

(၂၀၂၄ ခုနှစ်၊ မေလ)



ကီမိုသုတေသနစင်တာ

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၉) ရက်

## စာတမ်းမိတ်ဆက်ခြင်း

ကီမိုအင်စတီကျူ၏ သုတေသနစင်တာမှ လစဉ်ထုတ်ဝေသော ဤအစီရင်ခံစာသည် ချင်းပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော နိုင်ငံရေး၊ စစ်ရေးနှင့် လူမှုရေးဆိုင်ရာ ဖြစ်စဉ်များကို အများပြည်သူများ တစ်နေရာ တည်းတွင် လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ပြုစုထုတ်ဝေခြင်း ဖြစ်ပါသည်။

အစီရင်ခံစာပါ အကြောင်းအရာများကို ပြုစုရာတွင် ချင်းပြည်နယ်အတွင်းရှိ သတင်းမီဒီယာများ၏ ဖော်ပြချက် များနှင့် ဒေသအခြေစိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များကို အဓိက အခြေခံကာ စုဆောင်းလေ့လာပြီး၊ ရရှိသော အချက်အလက်များကို ပြန်လည်စိစစ်သုံးသပ်သည့် နည်းလမ်းဖြင့် စနစ်တကျ ပြုစုထားခြင်း ဖြစ်ပါသည်။

## နိဒါန်း

၂၀၂၆ ခုနှစ် မေလအတွင်း ချင်းပြည်နယ်၌ နိုင်ငံရေး၊ စစ်ရေး၊ဆက်လက်ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် ဖလမ်းမြို့ကို စစ်ကောင်စီက ပြန်လည်ထိန်းချုပ်ပြီးနောက် ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် စစ်ရေးတင်းမာမှုများ မြင့်တက်လာခဲ့ပြီး တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ မင်းတပ်နှင့် ရိဒ်ခေါဒါရ်ဒေသများတွင် မြေပြင်တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ယင်းကာလအတွင်း မှတ်တမ်းတင်နိုင်ခဲ့သည့် အချက်အလက်များအရ စစ်ရေးဆိုင်ရာအဓိကဖြစ်စဉ် အနည်းဆုံး (၁၀) ကြိမ်ကျော် ဖြစ်ပွားခဲ့ပြီး လေကြောင်းနှင့် ဒရုန်းအသုံးပြု တိုက်ခိုက်မှု အနည်းဆုံး **(၁၈)** ကြိမ်ကျော် ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် မင်းတပ်မြို့တစ်ခုတည်းတွင် မေလ **(၁၁)**

ရက် နှင့် ၁၂ ရက်အတွင်း ဂျက်တိုက်လေယာဥ်ဖြင့် **(၁၁)** ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် အရပ်သားများ၊ တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် စစ်သုံ့ပန်းများအပါအဝင် အနည်းဆုံး **(၃၀)** ဦးကျော် သေဆုံးခဲ့ပြီး နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ရုံးဌာနများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။

**နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင်** ဖလမ်းငြိမ်းချမ်းရေးကော်မတီက ဒေသတွင်း ပြန်လည်သင့်မြတ်ရေး အတွက် အချက် **(၆)** ချက်ပါ လမ်းညွှန်ချက် ထုတ်ပြန်ခဲ့သကဲ့သို့ ထန်တလန်မြို့နယ် ကောင်စီနှင့် မီဇိုရမ် ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းများအကြား နယ်စပ်ဖြတ်ကျော် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့် ဆောင် ရွက်နိုင် ရေး တွေ့ဆုံညှိနှိုင်းမှုများရှိခဲ့သည်။ ထို့ပြင် ချင်းလူမျိုးစုစည်း ပြီးပြည်တွင်း ပြည်ပ ချင်းလူငယ်များအကြား ချိတ်ဆက်မှုအား ကောင်းစေရန် နှင့် လူငယ်များ၏ နိုင်ငံရေးပါဝင်မှု မြင့်တင်စသည့် ရည်ရွယ်ချက်များဖြင့် Chin Youth Congress (CYC) ဖွဲ့စည်းနိုင်ရေး လုပ်ငန်းစဥ်များ စတင်ခဲ့သည်။

**လူမှုရေးကဏ္ဍတွင်** စစ်ရေးအခြေအနေများကြောင့် တီးတိန်မြို့ရှိ လူဦးရေတစ်သောင်းကျော်၏ ထက်ဝက်ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပြီး ရိဒ်ခေါဒါရ်ဒေသမှ ဒေသခံ **(၈၀၀)** ကျော်မှာလည်း အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထို့အပြင် တီးတိန်ပြည်သူ့ ဆေးရုံမှ ကျွမ်းကျင် ဆရာဝန် များ ထွက်ခွာသွားခြင်းကြောင့် ဒေသခံများ၏ ကျန်းမာရေးစောင့် ရှောက်မှု အခြေအနေမှာ ပိုမိုစိန်ခေါ်မှု များနှင့် ရင်ဆိုင်နေရသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင်** မရာနယ်မြေအုပ်ချုပ်ရေးကောင်စီ (MTC/MDF) က ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကဲ့သို့ အဆိပ်ပါ ဓာတုဆေးဝါးများ အသုံးပြုခြင်းနှင့် ရောင်းဝယ်

ခြင်းကို တားမြစ်ခဲ့သည့်အပြင် တောရိုင်းတိရစ္ဆာန် အမဲလိုက်ခြင်း၊ ဓာတုဆေးအသုံးပြု ငါးဖမ်းခြင်းနှင့် အဖိုးတန်သစ်ခွ၊ ဆေးမြစ်များ ခူးယူရောင်းချခြင်းတို့ကိုလည်း ကန့်သတ်ပိတ်ပင်ခဲ့သည်။ ယင်းဆောင်ရွက်ချက်များသည် ဒေသအတွင်း သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်သည့် အရေးကြီးသော မူဝါဒဆိုင်ရာ ခြေလှမ်းတစ်ရပ်အဖြစ် တွေ့မြင်ရသည်။

## အနှစ်ချုပ်အကြောင်းအရာများ

### မေ ၁၊ ၂၀၂၆

ချင်းပြည်နယ်၊ တီးတိန်မြို့သည် ဇိုမီးလူမျိုးများအတွက် အလွန်အရေးကြီးသည့် အချက်အချာကျသော နေရာဖြစ်သောကြောင့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမျှ မပြုလုပ်ကြရန် ဇိုမီးတော်လှန်ရေးတပ်မတော် (ZRA) က မေတ္တာရပ်ခံထားကြောင်း မေလ (၁)ရက်နေ့တွင် သတင်းထုတ်ပြန်ထားပြီး PDF-Zoland ဦးဆောင်သည့် ပူးပေါင်းတပ်များ၏ မြို့သိမ်းတိုက်ပွဲ ပြင်ဆင်မှုတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထပ်မံပါဝင်လာပါက အပြတ်အသတ် တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ ZRA- EC အနေဖြင့် လွန်ခဲ့သည့် ၂၀၂၃ ခုနှစ်အတွင်းက KIA သည် ဒေသတွင်းအခြေအနေမှန်ကို နားလည်ခြင်းမရှိဘဲ တွန်းဇံ မြို့နယ်၌ CNA/PDF များနှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းကို ဇိုမီးပြည်သူများအတွက် နာကျင်စရာ သင်ခန်းစာအဖြစ် တကြိမ်သည်းခံခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ယခုတီးတိန်မြို့အရေးတွင် KIA အနေဖြင့် တိုင်းရင်းသားညီအစ်ကိုချင်း အပြန်အလှန် လေးစားမှုကို လျစ်လျူရှုကာ ထပ်မံစွက်ဖက်ပါဝင်လာပါက သည်းခံတော့မည်မဟုတ်ကြောင်း ZRA-EC အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်က သတင်း ထုတ်ပြန်ထားပါသည်။

## မေ ၁၊ ၂၀၂၆

ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းအပြင် မကွေးတိုင်း နယ်စပ်ဒေသများတွင် စစ်ကောင်စီ တပ်ဖွဲ့နှင့် ချင်းလက်နက်ကိုင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များအကြား စစ်ရေးအရ အပြန်အလှန် ထိုးစစ်ဆင်မှုများနှင့် လေကြောင်း၊ ဒရုန်းအသုံးပြု တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း စစ်ကောင်စီတပ်ဖွဲ့သည် ဧပြီလ ၂၅ ရက်တွင် ဖလမ်းမြို့ကို ပြန်လည်ထိန်းချုပ်ပြီးနောက် အရေးပါသည့် ဖလမ်း-ဟားခါး လမ်းမကြီးအား စိုးမိုးရန် ထိုးစစ်ဆင်ခဲ့ရာ Thlanrawn ကျေးရွာဘက်တွင် မြေပြင်တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး စစ်ကောင်စီဘက်က ဒရုန်းများကိုပါ အမြောက်အမြား အသုံးပြုခဲ့ကြောင်းသိရသည်။ ထို့ပြင် စစ်ကောင်စီဘက်က မြေပြင်စစ် ကြောင်းများ အတွက် လေကြောင်းကင်းယူခြင်းနှင့် ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည့်အပြင် ဖလမ်း၊ ကန်ပက်လက်၊ မင်းတပ်၊ ဂန့်ဂေါနှင့် ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၊ တောအုပ်များနှင့် တံတားများကို ဂျက်ဖိုက်တာများဖြင့် ဆက်တိုက်ဗုံးကြဲခဲ့ကြောင်း Chin World Media မှဖော်ပြထားသည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများအပါ အဝင် အရပ်သား ၁၈ ဦး သေဆုံးကာ ၁၃ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်အချို့နှင့် စက်ယန္တရား၊ မော်တော်ယာဉ်အချို့ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ပြင် မေလ ၂ရက်နေ့တွင် တီးတိန်မြို့ အဝင်မှတိုးဂိတ်အနီးတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲသဖြင့် လူငယ် တစ်ဦးသေဆုံးခဲ့ ကြောင်း The Mantupi Times တွင် ဖော်ပြထားသည်။ လေကြောင်းတိုက်ခိုက်မှုများ မြင့်တက်လာခြင်းကြောင့် ချင်းပြည်သူ့အစည်းအရုံး (CPU/CPA) က ဒေသခံပြည်သူများအနေဖြင့် ဗုံးခိုကျင်း၊ ကတုတ်ကျင်းများ ပြင်ဆင်ထားရှိပြီး လေကြောင်းအန္တရာယ်ကို သတိပြုနေထိုင်ကြရန် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားပါသည်။

## မေ ၄၊ ၂၀၂၆

စစ်ကောင်စီတပ်သည် ဖလမ်းမြို့ကို ပြန်လည်ထိန်းချုပ်ပြီးနောက် ချင်းပြည်တောင်ပိုင်းသို့ ဆက်လက်ထိုး စစ်ဆင်ရန် ကံကြီးရွာတွင် အင်အား ၂၀၀ ခန့်ဖြင့် ပိတ်ဆို့အထိုင်ချခြင်း၊ ကျောက်ထု အမြောက်တပ် (၃၆၈) သို့ ရိက္ခာဖြည့်တင်းခြင်းနှင့် ကျင်ဒွေး၊ ဂန့်ဂေါ၊ ထီးလင်းမြို့များကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ကာ စစ်ပြင်ဆင်နေသည်။ အဆိုပါထိုးစစ်ကို ခုခံရန် ချင်းပြည်သူ့ တပ်မတော် (CPU/ CPA) ဘက်ကလည်း မဟာမိတ်များနှင့် ပူးပေါင်းကာ စစ်ရေးအရ ကြိုတင်ပြင် ဆင်ထားပြီးဖြစ်ကြောင်း ၎င်းတို့၏ အတွင်းရေးမှူး ဖြစ်သူ ဆလိုင်ယောမာန်က မေလ ၂ ရက်တွင် ပြောကြားခဲ့သည်ကို Chin World Media တွင်ဖော်ပြ ထားသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် လေကြောင်းရန်အတွက် ဗုံးခိုကျင်းများ ပြင်ဆင်ထားရန် CPU/ CPA က အသိပေးထားသည်။

## မေ ၅၊ ၂၀၂၆

စစ်ကောင်စီတပ်သည် ဖလမ်း–ဟားခါး လမ်းမကြီးတစ်လျှောက် စစ်ရေးလှုပ်ရှားမှု တိုးချဲ့ရန်အတွက် မေလ ၄ ရက်မှစတင်ကာ အင်အား ၁၀၀ ကျော်ဖြင့် တာလ် (Taal) ကျေးရွာအတွင်းသို့ စစ်ကြောင်းထိုးဝင်ရောက်စီးနင်းခဲ့ပြီး ကျေးရွာဝန်းကျင်ကို လေကြောင်းနှင့် ဒရုန်းများဖြင့် ဆက်တိုက် တိုက်ခိုက် လျက်ရှိကြောင်း၊ မေလ ၅ ရက် မနက်ပိုင်းတွင် လိုင်ကွား (Laikua) နှင့် တလန်ဇာ (Tlangzar) ကျေးရွာကြားသို့ ဒရုန်းဖြင့် ဗုံးသီးများ ကြဲချခဲ့သည့်အပြင် တံတားဦးလေတပ်မှ တက်လာသည့် ဂျက်ဖိုက်တာဖြင့် တာလ်နှင့် တလန်ဇာကျေးရွာကြားသို့ ဗုံး ၂ လုံး ထပ်မံကြဲချ တိုက်ခိုက်ခဲ့ကြောင်း KIMO Mediaတွင် ဖော်ပြထားသည်။

## မေလ ၅၊ ၂၀၂၆

စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်ကာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် ဖလမ်းမြို့ကို ပြန်လည်ထိန်းချုပ်ပြီးနောက် ဖလမ်းငြိမ်းချမ်းရေးကော်မတီ (Falam Remdaihnak Committee) က ဒေသတွင်း ပြန်လည်သင့်မြတ်ရေးနှင့် ပတ်သက်၍ လိုက်နာရမယ့်အချက် ၆ ချက်ကို ထုတ်ပြန်လာခဲ့ပြီး၊ အဆိုပါ ထုတ်ပြန်ချက်တွင် ဖလမ်းမြို့နှင့် မြို့နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုး တက်ရေးအတွက် နေရပ်ပြန်လာမည့်သူများ၏ လုပ်ငန်းဆောင်ရွက်မှုများကို မည်သည့်လက်နက်ကိုင် အဖွဲ့ အစည်းကမျှ မနှောက်ယှက်ကြရန်၊ စစ်ဘေးရှောင် ပြည်သူများ နေရပ်ပြန်လာချိန်တွင် အမြင်မ တူညီမှု များကြောင့် မုန်းတီးရန်လိုခြင်း မရှိစေရန်အတွက် CDM နှင့် Non-CDM များအကြား ရန်ငြိုး မထားဘဲ အပြန်အလှန် နားလည်မှုရှိရှိ နေထိုင်ကြရန်၊ အမြင်မတူမှုများအပေါ် အပြန်အလှန် တိုက်ခိုက် ခြင်း မပြု ရန်၊ အိမ်ပြန်နှင့်သူများကလည်း အိမ်နီးချင်းများ၏ အိုးအိမ်ပစ္စည်းများကို ဝိုင်းဝန်း စောင့် ရှောက်ပေး ရန်နှင့် ပြည်တွင်းပြည်ပရှိ ဖလမ်းဒေသခံများ စိတ်ဝမ်းတညီတညွတ်တည်းဖြင့် ဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းထားပါသည်။

အလားတူ ချင်းပြည်နယ်အတွင်းရှိ အခြားအရပ်ဒေသတစ်ခုဖြစ်သော ထန်တလန်မြို့နယ်တွင် လည်း ထန်တလန်မြို့နယ်ကောင်စီ/ CDF-Thantlang အနေဖြင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ အဖွဲ့အစည်း များနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန်နှင့် အပြန်အလှန် အိမ်နီးနားချင်းကောင်း များအဖြစ် ရပ်တည်နိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် ဆက်သွယ်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့အဖွဲ့ သည် ပြီးခဲ့သည့် ဧပြီလ ၂၈ ရက်တွင် လောင်တလိုင် (Lawngtlai) ခရိုင်၏ လူငယ်အဖွဲ့ဖြစ်သော Young Lai Association (Central YLA) နှင့် လည်းကောင်း၊ မေလ ပထမအပတ် အတွင်း တွင် Young Mizo

Association (YMA) Thingsai ဌာနခွဲနှင့် လည်းကောင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် တွေ့ဆုံဆွေးနွေး ခဲ့ကြပါသည်။

## မေ ၆၊ ၂၀၂၆

ချင်းတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် တီးတိန်မြို့နယ်အတွင်းရှိ ဆက်သွယ်ရေးနှင့် စစ်ရေးဗျူဟာမြောက် ကနေဒီတောင် (လေထန်ကုန်းစခန်း) ကို စစ်ကောင်စီတပ်က မေလ ၅ ရက်တွင် ပြန်လည်သိမ်းပိုက်ခဲ့ကြောင်း Chin World Media တွင်ဖော်ပြထားသည်။ ယခုနှစ် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ချင်းပူးပေါင်းတပ်များဖြစ်သော ချင်းလဲန့်ကောင်စီအဖွဲ့ဝင်များ နှင့် ချင်းညီနောင်အဖွဲ့ဝင်ဘက်က အဆိုပါစခန်းကို စုပေါင်းစီးနင်းတိုက်ခိုက်၍ သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော်လည်း စစ်ကောင်စီတပ်က ၎င်းတို့လက်လွှတ်ခဲ့ရသည့် အဆိုပါအချက်အချာကျသော စခန်းကို ပြန်လည်ရရှိရန်အတွက် အပြင်းအထန်ကြိုးပမ်း ခဲ့ပြီး ၄ လကျော်အကြာ မေလ ၅ ရက်နေ့တွင် လေကြောင်းနှင့် ဒရုန်းသုံးပြုကာ စစ်ေကာင်စီဖက်မှ ပြန်လည် သိမ်းပိုက်သွားခဲ့ပါသည်

## မေ ၇၊ ၂၀၂၆

တီးတိန်မြို့နယ် ဖူနွမ်းကျေးရွာရှိ AG ခရစ်ယာန်ဘုရားကျောင်းနှင့် တော်လှန်ရေးတပ်ဖွဲ့များ၏ ရိက္ခာချက်ပြုတ်ရာ နေရာကို မေလ ၆ ရက်တွင် စစ်ကောင်စီတပ်က ဒရုန်းဖြင့် နှစ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အဆိုပါတိုက်ခိုက်မှု ကြောင့် PDF-Zoland မှ ရဲမေ ၅ ဦး၊ ရဲဘော် ၂ ဦးနှင့် စာဖိုဆောင်အဖွဲ့ဝင် များအပါအဝင် စုစုပေါင်း ၁၀ ဦး (အမျိုးသမီး ၆ ဦး၊ အမျိုးသား ၄ ဦး) ကျဆုံးခဲ့ပြီး ဘုရားကျောင်းတစ်ခုလုံး မီးလောင်ပျက်စီးကာ သင်းအုပ်ဆရာအပါအဝင် ဒေသခံတချို့ ဒဏ်ရာရရှိခဲ့ပါသည်။ စစ်ကောင်စီ တပ်သည် ဖလမ်းမြို့နှင့် ကနေဒီတောင်စခန်းတို့ကို ထိန်းချုပ်ပြီးနောက် တီးတိန်မြို့သို့ စစ်ကြောင်းထိုးလာခြင်း

ဖြစ်ပြီး၊ လက်ရှိတွင် မြို့သိမ်းတိုက်ပွဲသတင်းများကြောင့် တီးတိန်မြို့ခံအများစု ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရပါသည်။

### မေ ၁၁၊ ၂၀၂၆

စစ်ကောင်စီတပ် စစ်ကြောင်းသည် တွန်းဇံမြို့ဘက်သို့ ဦးတည်ထွက်ခွာလာနေပြီး စစ်ရေးအခြေအနေ ပြင်းထန်တင်းမာလာသောကြောင့် ပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရန် ရည်ရွယ်၍ တွန်းဇံနှင့် တီးတိန်မြို့ ကြား လမ်းပိုင်းကို မေလ ၁၁ ရက်မှစတင်ကာ ရက်အကန့်အသတ်မရှိ လုံးဝပိတ်ထား ကြောင်း ဒေသခံ တော်လှန်ရေးတပ်ဖွဲ့ဖြစ်သည့် CDF-Tonzang က ထုတ်ပြန်ထားပါသည်။ ထို့ပြင် တွန်းဇံမြို့၏ အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်းရှိ ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများအနေ ဖြင့်လည်း လက်ရှိအချိန် တွင် ခရီးသွားလာခြင်း လုံးဝမပြုလုပ်ကြရန်နှင့် ထုတ်ပြန်ထားသည့် တားမြစ် ချက်များကို အတိအကျ လိုက်နာပေး ကြရန် မေတ္တာရပ်ခံထားပါသည်။

### မေ ၁၂၊ ၂၀၂၆

ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့ကို မေလ ၁၁ ရက်နှင့် ၁၂ ရက် နှစ်ရက်တာအတွင်း စစ်ကောင်စီ တပ်က ဂျက်တိုက်လေယာဉ်များဖြင့် ၁၁ ကြိမ်တိုင်တိုင် ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထို တိုက်ခိုက်မှုများ ကြောင့် စစ်သုံ့ပန်းများအပါအဝင် လူ ၄ ဦး သေဆုံးပြီး၊ အရပ်သားနေအိမ် ၁၅ လုံး၊ ရုံးဌာန ၁၀ ခုနှင့် ကား ၄ စီးခန့် ပျက်စီးဆုံးရှုံးခဲ့ပါသည် ။စစ်ကောင်စီသည် ဖလမ်းမြို့ကို ပြန်လည်သိမ်း ပိုက်ပြီးနောက် ချင်းပြည်နယ် တောင်ပိုင်းသို့ လေကြောင်းဖိအား ပိုမိုပေးလာခြင်းဖြစ်ကာ၊ ဒေသခံများ အနေဖြင့် လူစုလူဝေးရှောင်ရှားရန်နှင့် ဗုံးခိုကျင်းများတူး၍ လေကြောင်းရန်ကို အထူးသတိပြုနေ ထိုင်ကြရန် ချင်းပြည်သူ့အစည်းအရုံး (CPU/CPA) က အရေးပေါ် သတိပေးနှိုးဆော်ထားပါသည်။

**မေ ၁၂၊ ၂၀၂၆**

တီးတိန်မြို့တွင် မြို့သိမ်းတိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်ရသဖြင့် ကုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အဓိကကုသပေးနေသည့် ကျွမ်းကျင်ဆရာဝန်များ ဘေးလွတ်ရာသို့ တိမ်းရှောင်သွားကြသည်။ ထို့ကြောင့် ကျန်ရစ်ခဲ့သည့် ဒေသခံလူနာများမှာ ဆေးကုသမှုခံယူရန် အိန္ဒိယ–မြန်မာနယ်စပ်နှင့် ငွေကြေးအကုန်အကျများကာ အခက်အခဲရှိသော ကလေးမြို့ဘက်သို့ သွားရောက်ရန် ရွေးချယ်ရခက်ကာ များစွာစိုးရိမ်မှု ပန်နေကြရသည်။ လက်ရှိတွင် စစ်ရေးအခြေအနေများကြောင့် လူဦးရေ တစ်သောင်းကျော်ရှိသည့် တီးတိန်မြို့ခံ များ၏ ထက်ဝက်ကျော်ခန့်မှာလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီ ဖြစ်ပါသည်။

**မေ ၁၂၊ ၂၀၂၆**

ချင်းပြည်နယ်အပါအဝင် တိုင်းနှင့်ပြည်နယ် ၇ ခု (ချင်း၊ ရခိုင်၊ ကရင်၊ ကယား၊ ရှမ်း၊ ရှေဝတီ၊ နာဂ) ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးငယ်များအတွက် ငွေကြေးထောက်ပံ့မည့် (MCCT) အစီအစဉ်ကို စစ်ကောင်စီက ကြေညာလိုက်သည့်အကြောင်းကို Zalen Mediaတွင် ဖော်ပြထားသည်။

ထောက်ပံ့ငွေများကို ၆ လစာအတွက် နှစ်ကြိမ်ခွဲကာ ဖုန်းငွေလွှဲစနစ် (Mobile Money) မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ပြီး၊ မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာရုံးများတွင် စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ ယခုအစီအစဉ်တွင် စစ်ရေးပြင်းထန်နေသည့် ချင်းပြည်နယ် ပါဝင်သော်လည်း လက်ရှိမြေပြင်အခြေအနေတွင် ချင်းပြည်နယ်ရှိ မြို့နယ် ၉ ခုအနက် ဟားခါး၊ တီးတိန်နှင့် ဖလမ်း ၃ မြို့ကိုသာ စစ်ကောင်စီက ထိန်းချုပ်ထားနိုင်ပါသည်။

## မေ ၁၄၊ ၂၀၂၆

ချင်းလက်နက်ကိုင်တပ်များ ထိန်းချုပ်ထားသည့် ရိဒ်ခေါဒါရ်မြို့နှင့် အနီးတစ်ဝိုက်မှ ဒေသခံ ၈၀၀ ကျော်သည် စစ်ကောင်စီတပ်က မြို့ကိုပြန်လည်သိမ်းပိုက်ရန် စစ်ကြောင်းထိုးလာမည်ဟူသော သတင်းများကြောင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ဘက်သို့ အရေးပေါ် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဧပြီလ ၂၅ ရက်တွင် ဖလမ်းမြို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် စစ်ကောင်စီတပ်သည် အိန္ဒိယ-မြန်မာနယ်စပ်လမ်း၊ ဖလမ်း-ဟားခါး လမ်းပိုင်း၊ တွန်းဇံနှင့် ကျီခါးမြို့တို့ကိုပါ ပြန်လည်ထိန်းချုပ်ရန် ထိုးစစ်ဆင်လာခြင်း ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးအတွက် ဗျူဟာမြောက်သည့် ရိဒ်ခေါဒါရ်မြို့ကို ချင်းပူးပေါင်းတပ်ဖွဲ့များက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ကတည်းက တိုက်ခိုက်သိမ်းပိုက် ထိန်းချုပ်ထားခြင်းဖြစ်သည်။

## မေ ၁၄၊ ၂၀၂၆

ပြည်တွင်းပြည်ပ ချင်းလူငယ်များအကြား ပိုမိုခိုင်မာသော ချိတ်ဆက်မှုနှင့် စုစည်းမှုတစ်ရပ်တည်ဆောက်ရန် ဘုံပလက်ဖောင်းတစ်ခုဖြစ်သည့် **"ချင်းလူငယ်ကွန်ကရက် (Chin Youth Congress – CYC)"** ကို မကြာမီ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း Khonumthung Groupမှ ဖော်ပြထားသည်။ မေလ ၈ ရက်မှ ၉ ရက်အထိ ပြည်တွင်းပြည်ပမှ ချင်းလူငယ် ၄၁ ဦး (လူကိုယ်တိုင် ၂၅ ဦး၊ အွန်လိုင်းမှ ၁၆ ဦး) တက်ရောက်ကျင်းပခဲ့သည့် Chin Youth Forum – Aizawl မှ ထွက်ပေါ်လာသော အကြံပြုချက်များနှင့် သဘောတူညီချက်များကို အခြေခံ၍ ယခုကဲ့သို့ ဖွဲ့စည်းရန် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ချင်းလူငယ်များ တော်လှန်ရေးတွင် ပါဝင်မှုမြင့်တက်လာသော်လည်း လူငယ်အဖွဲ့အစည်းများ အားနည်းပြိုကွဲကာ လူငယ်များ၏ အသံနှင့် အခန်းကဏ္ဍ လျော့နည်းလာမှုကို

ကုစားရန် ရည်ရွယ်ခြင်းဖြစ်ပြီး၊ ရှေ့ဆက်တွင် အခြေခံမူကြမ်းများကို အချောသတ်ကာ ညီလာခံ တစ်ရပ်ခေါ်ယူ၍ အလုပ်အမှုဆောင်ကော်မတီ (Executive Committee) ကို တရားဝင်ရွေးချယ်ကာ ချင်းလူငယ်များ၏အသံကို နိုင်ငံတကာအဆင့်အထိ ခိုင်မာစွာ ဖော်ဆောင်သွားမည်ဖြစ်သည်။

## မေ ၁၄၊ ၂၀၂၆

မရာနယ်မြေအုပ်ချုပ်ရေးကောင်စီ (MTC/MDF) သည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ မြေဆီလွှာနှင့် သောက်သုံးရေအပါအဝင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ကာကွယ်ရန်အတွက် စိုက်ပျိုးရေးသုံး အဆိပ်ပါဓါတုဆေးဝါးများ (ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး) ရောင်းဝယ်ခြင်းနှင့် အသုံးပြုခြင်းတို့ကို မေလ ၁၃ ရက်မှစတင်၍ တားမြစ်လိုက်ပြီး ဖောက်ဖျက်ပါက ဒေသန္တရဥပဒေအရ ထိရောက်စွာ အရေးယူမည်ဟု ကြေညာခဲ့ပါသည်။ ထို့ပြင် ဧပြီလ ၁၀ ရက်မှ ဇွန်လကုန်အထိ တောရိုင်းတိရစ္ဆာန်သားပေါက်ရာသီအတွင်း အမဲလိုက်ခြင်းနှင့် ဓါတုဆေး/မိုင်းခွဲ/ရှော့တိုက် ငါးဖမ်းခြင်းများကို ပိတ်ပင်ထားသည့်အပြင်၊ အဖိုးတန်သစ်ခွနှင့် ဆေးမြစ်အမျိုးမျိုး (ကြောင်မြစ်၊ သဇင်ဥ စသည်) ကို ခူးယူရောင်းချခြင်းကိုလည်း ရက်အကန့်အသတ်မရှိ တားမြစ်ထားသည်။ လက်ရှိတွင် အဆိုပါကောင်စီသည် လိုင်လင်းပီမြို့အပါအဝင် မရာနယ်မြေအများစုကို ထိန်းချုပ်ကာ ဒေသတွင်းအုပ်ချုပ်ရေးယန္တရားများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လည်ပတ် ဆောင်ရွက်နေသည်။

## မေ ၁၈၊ ၂၀၂၆

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်တွင် စစ်ကောင်စီနှင့် ZRA ပူးပေါင်းတပ်ဖွဲ့များက တွန်းဇံမြို့ကို အရပ်မျက်နှာသုံးဘက်မှ ဝိုင်းပတ်ပိတ်ဆို့ရန် ကြိုးပမ်းလာသဖြင့် လုံဇန်ရွာနှင့် Vialcian ရွာအနီးတို့၌ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် မြေပြင်တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေပြီး၊ တိုက်ပွဲ

အတွင်း နှစ်ဖက်ထိခိုက်ကျဆုံးမှုများရှိခဲ့ပါသည်။ ထို့ပြင် စစ်ကောင်စီသည် မေလ ၁၅ ရက်က လုံဇန်ရွာကို လေကြောင်းမှ ဗုံးကြဲခဲ့ပြီးနောက် မေလ ၁၇ ရက် မွန်းလွဲပိုင်းတွင်လည်း တံတားဦးလေတပ်မှ ပျံတက်လာသည့် Yak-130 တိုက်ခိုက်ရေးဂျက်လေယာဉ်ဖြင့် တွန်းဇံမြို့ပေါ်သို့ ထပ်မံဗုံးကြဲတိုက်ခိုက်ခဲ့၍ လူထိခိုက်မှုမရှိ သော်လည်း အဆောက်အအုံအချို့ ပျက်စီးခဲ့ရကာ၊ ကျီးခါးမြို့ရှိ စစ်ကောင်စီ စစ်ဆေးရေးဂိတ်ဟောင်းကိုမူ ZRA တပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်လိုက်ရပါသည်။

## မေ ၁၉၊ ၂၀၂၆

စစ်ကောင်စီတပ်က အင်အား ၁,၃၀၀ ခန့် ဖြင့် ချင်းပြည်နယ်တောင်ပိုင်းကို မကွေးနှင့် ယောဒေ သဘက်မှတစ်ဆင့် ထိုးစစ်ဆင်ရန် ပြင်ဆင်နေပြီး၊ လက်ရှိတွင် ကန်ပက်လက်မြို့နယ်ထဲသို့ စစ်ကြောင်း စတင်ထိုးဝင်နေပြီဖြစ်ပါသည်။ စစ်ကောင်စီတပ်သည် ထိုးစစ်မစတင်မီ မေလဆန်းပိုင်းကတည်းက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ အပြင်းအထန် ပြုလုပ်ခဲ့သဖြင့် ဒေသခံပြည်သူများ စစ်ဘေးရှောင်နေကြရသည်။

ထိုထိုးစစ်ကို ခုခံကာကွယ်ရန်အတွက် ချင်းညီနောင်အဖွဲ့ဝင် ဖြစ်သော ချင်းပြည်သူ့အစည်းအရုံး/ချင်းပြည်သူ့တပ်မတော် (CPU/ CPA) က ချင်းအရေးပေါ်ကာကွယ်ရေး ရန်ပုံငွေကို မေလအတွင်း ကြေညာချက်ထုတ်၍ ကောက်ခံနေပါသည်။ ထိုကောက်ခံမှုတွင် စင်ကာပူရောက် ချင်းပြည်သူများအနေဖြင့် တစ်ဦးလျှင် စင်ကာပူဒေါ်လာ ၁၀၀ စီ နှင့် အရှေ့အလယ်ပိုင်းရောက် ချင်းပြည်သူများအနေဖြင့် တစ်ဦးလျှင် မြန်မာငွေ ကျပ်သုံးသိန်းစီ ထည့်ဝင်ကြရန်နှင့် မြေပြင်ရှိ တော်လှန်ရေးရဲဘော်များနှင့်အတူ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းနှိုးဆော်ထားပါသည်။

## မေ ၂၀၊ ၂၀၂၆

ကလေးမြို့ဘက်သို့ စစ်ဘေးရှောင်နေရသည့် ချင်းပြည်နယ်၊ ဖလမ်းမြို့ဒေသခံများနှင့် ဝန်ထမ်းမိသားစုဝင်အချို့သည် Falam Pawlpi Falam အဖွဲ့အစည်း၏ စီစဉ်ပေးမှုဖြင့် မေလ ၂၀ ရက် မနက်ပိုင်းတွင် သိုင်းငဲန်းလမ်းအတိုင်း ဖလမ်းမြို့သို့ နေရပ်ပြန်သွားကြပြီ ဖြစ်ပါသည်။ ယခုပြန်ကြသူများသည် ဒုတိယသုတ်ဖြစ်ပြီး ၁၂ ဘီးကား၊ ၁၀ ဘီးကား အပါအဝင် မော်တော်ကား အစီး ၂၀ ခန့်နှင့် ဆိုင်ကယ်များဖြင့် အစုအဖွဲ့လိုက် ပြန်ကြခြင်းဖြစ်ကာ ၎င်းတို့ထဲတွင် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ အများစု ပါဝင်ကြပါသည်။ ခရီးစရိတ် အခက်အခဲရှိသူများအတွက် နိုင်ငံတကာရောက် ချင်းလူမျိုးများထံမှ အလှူငွေကောက်ခံ၍ ကူညီပေးခဲ့ခြင်း ဖြစ်သော်လည်း လက်ရှိကျောင်းဖွင့်ချိန် ရောက်လာခြင်း၊ ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ် မြင့်မားခြင်းနှင့် အကူအညီများတွင် အကန့်အသတ်ရှိခြင်းတို့ကြောင့် ဖလမ်းမြို့သို့ မပြန်ဖြစ်သေးဘဲ ကျန်ရှိနေသူများလည်း ရှိနေပါသေးသည်။

## မေ ၂၁၊ ၂၀၂၆

ချင်းပြည်နယ်၊ တီးတိန်မြို့တွင် မြို့သိမ်းတိုက်ပွဲသတင်းများကြောင့် ပြီးခဲ့သည့် ဧပြီလလယ်မှစတင်ကာ မြို့လုံးကျွတ်နီးပါး ဘေးလွတ်ရာသို့ ကြိုတင်တိမ်းရှောင်သွားကြသည့် ဒေသခံပြည်သူများသည် စစ်ရှောင်ရာအရပ် (အထူးသဖြင့် စစ်ကိုင်းတိုင်း၊ ကလေးမြို့) တွင် ကြုံတွေ့ရသည့် အိမ်ငှားခကြီးမြင့်မှု၊ နေထိုင်ရေးကျပ်တည်းမှု၊ ပြင်းထန်သော အပူဒဏ်နှင့် စိတ်ဆင်းရဲမှု စသည့် အထွေထွေအခက်အခဲများကြောင့် ယခုတစ်ပတ်အတွင်း မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက်လာကြရာ လက်ရှိတွင် မြို့ခံတစ်ဝက်နီးပါး ပြန်လည်ရောက်ရှိနေပြီ ဖြစ်သည်။ အလားတူပင် စစ်ကောင်စီက ပြန်လည်ထိန်းချုပ်ထားသည့် ဖလမ်းမြို့သို့လည်း ကလေးမြို့ဘက်တွင် စစ်ဘေးရှောင်နေကြသည့် ဒေသခံများနှင့် ဝန်ထမ်း

မိသားစုဝင်အချို့သည် Falam Pawlpi ၏ စီစဉ်ပေးမှုဖြင့် မေလ ၂၀ ရက်တွင် ဒုတိယသုတ်အဖြစ် ကားအစီး ၂၀ ခန့်ဖြင့် နေရပ်ပြန်သွားကြကြောင်း သိရသည်။

## မေ ၂၁၊ ၂၀၂၆

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်း - ဟားခါး လမ်းမပေါ်ရှိ ခွန်ကျုံး (Chuncung) ကျေးရွာကို စစ်ကောင်စီတပ်က ရက်ပိုင်းအတွင်း ၄ ကြိမ်တိုင်တိုင် ဝင်ရောက်မီးရှို့ခဲ့သဖြင့် ပြည်သူပိုင်နေအိမ် စုစုပေါင်း ၂၆ လုံး မီးလောင်ပြာကျခဲ့သည်။ စစ်ကောင်စီတပ်သည် မေလ ၁၄ ရက်တွင် နေအိမ် ၇ လုံး၊ မေလ ၁၅ ရက်တွင် ၁၆ လုံးနှင့် မေလ ၂၀ ရက် ညပိုင်းတွင် ၃ လုံးတို့ကို အဆင့်ဆင့် မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ဧပြီလ ၂၅ ရက်က ဖလမ်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် စစ်ကောင်စီ တပ်သည် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ဘက်သို့ ဆက်လက်စစ်ကြောင်းထိုးတက် လာရာ လမ်းခု လတ်ရှိ ခွန်ကျုံးကျေးရွာကို ◌ံရှို၍ စစ်ရေးအရ ဖိအားပေးရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး၊ လက်ရှိတွင် ချင်းအမျိုးသားတပ်ဦး (CNA) အပါအဝင် ချင်းပူးပေါင်းတပ်များနှင့် ဟားခါး - ဖလမ်း လမ်းပိုင်း၌ တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားလျက်ရှိပါသည်။

## မေ ၂၁၊ ၂၀၂၆

MRTV သတင်းဌာနက တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များ (CDF၊ CNA၊ PDF) ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်မြောက်ပိုင်း၊ တွန်းဇံမြို့ကို မေလ ၂၀ ရက် နေ့လယ်ပိုင်းတွင် စစ်ကောင်စီတပ်များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ချင်းမြောက်ပိုင်းဒေသတစ်ခုလုံးကို အလုံးစုံထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း မေလ ၂၀ ရက် ညပိုင်းတွင် ကြေညာခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဖလမ်းမြို့ကို သိမ်းပိုက်ပြီးနောက် တီးတိန်မြို့တွင် ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ကာ ဧပြီလ ၂၉ ရက်နေ့မှစ၍ တွန်းဇံမြို့သို့ စစ်ကြောင်းခဲ့ကာ

ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါစစ်ဆင်ရေးအတွင်း ထိတွေ့တိုက်ပွဲ ၆ ကြိမ်ဖြစ်ပွားကာ တော်လှန်ရေးတပ်ဖွဲ့များထံမှ အလောင်း ၂ လောင်းနှင့် လက်နက် ၅ လက် သိမ်းဆည်းရမိခဲ့ကြောင်း စစ်ကောင်စီဘက်က ထုတ်ပြန်ထားသည်။ သို့သော် မြေပြင်တွင် စစ်ကောင်စီသည် ZRA-EC တပ်ဖွဲ့နှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းကို ကြေညာချက်၌ ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ချန်လှပ်ထားခဲ့ကာ၊ သတင်း၏နောက်ဆုံးတွင်မူ ဖလမ်းမြို့အတွင်းသို့ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းအများအပြား ပြန်လည်ဝင်ရောက်လာနေပြီဖြစ်ကြောင်း ထည့်သွင်းထားသည်ဟု The Matupi Times သတင်းဌာနက ဖော်ပြထားသည်။

## မေ ၂၅၊ ၂၀၂၆

ချင်းပူးပေါင်းတပ်များ ထိန်းချုပ်ထားသည့် ချင်းပြည်နယ်တောင်ပိုင်းကို စစ်ကောင်စီတပ်က မကွေးနှင့်ယောဒေသတို့မှတစ်ဆင့် စစ်အင်အားနှင့် လက်နက်ခဲယမ်းများ ဖြည့်တင်းကာ အင်အားအလုံးအရင်းဖြင့်ထိုးစစ်ဆင်လျက်ရှိရာ၊ ၂၀၂၆ ခုနှစ် မေလ ၁၃ ရက်မှ ၂၂ ရက်အထိ ၁၀ ရက်တာအတွင်း ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့များကို ဂျက်ဖိုက်တာဖြင့် လေကြောင်းဗုံးကြဲတိုက်ခိုက်မှု စုစုပေါင်း ၂၅ ကြိမ်အထိပြုလုပ်ခဲ့ကြောင်း ချင်းပြည်သူ့အစည်းအရုံး/ချင်းပြည်သူ့တပ်မတော် (CPU/CPA) က ထုတ်ပြန်ထားသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကြောင့် မတူပီမြို့၌ ၄ ရက်သား မွေးကင်းစကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူ ၂ ဦး သေဆုံးခဲ့ပြီး၊ ပြည်သူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့်အပြင် လူနေအိမ်များ၊ ဆိုင်ခန်းများနှင့် မင်းတပ်မြို့ရှိ စာသင်ကျောင်းအပါအဝင် အစိုးရအဆောက်အအုံ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ လက်ရှိတွင် ကန်ပက်လက်မြို့အနီး၌ နှစ်ဖက်မြေပြင်တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားနေပြီး၊ ပြည်သူများအနေဖြင့် လူစုလူဝေးကို ရှောင်ရှားကာ မိမိတို့နေအိမ်နှင့်ဆိုင်များတွင် ဗုံးခိုကျင်းများ အဆင်သင့်ပြင်ဆင်ထားရှိကာ လေကြောင်းအန္တရာယ် သတင်းများကို

အချိန်နှင့်အမျှ အထူးသတိပြုနားစွင့်နေထိုင်ကြရန် ချင်းပြည်သူ့အစည်းအရုံးက တိုက်တွန်းနှိုးဆော်ထား ပါသည်။

## မေ ၂၆၊၂၀၂၆

စစ်ကောင်စီသည် ၎င်းတို့ ပြန်လည်သိမ်းပိုက်ထားသည့် ချင်းပြည်နယ်မြောက်ပိုင်းရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် နေရပ်ပြန်ပြည်သူများ အတွက် လူသုံးကုန်၊ မီးဖိုချောင်သုံးနှင့် ကျန်းမာရေးသုံး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မေလ ၂၄ ရက်နေ့က နေပြည်တော်မှတစ်ဆင့် စစ်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းထုတ် ပြန်ခဲ့ပါသည်။ သို့သော် အခြားတစ်ဖက်တွင် ချင်းညီနောင်အဖွဲ့ ထိန်းချုပ်ထားသည့် ချင်းပြည်နယ် တောင်ပိုင်းရှိ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့များကိုမူ စစ်ကောင်စီက ဆက်လက်ထိုးစစ်ဆင်နေပြီး နှစ်ပတ်တာကာလအတွင်း လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု အကြိမ် ၅၀ ခန့်အထိ အလွန်အကျွံ ပြုလုပ်လျက်ရှိကြောင်း The Matupi Times သတင်းဌာနက ဖော်ပြထားသည်။

## မေ ၂၇၊ ၂၀၂၆

အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ် ကမ်ဂျွန်နှင့် အော့ခရူလ်ခရိုင်ရှိ ကူကီး-ဇို ဒေသများကို တန်ခူလ်း (Tangkhul) အရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လက်နက်ကိုင်များက လမ်းပိတ်ဆို့ကာ စီးပွားရေး ပိတ်ဆို့ထားမှုကို ၂၄ နာရီအတွင်း ရုပ်သိမ်းပေးရန် Kuki-Zo Village Volunteer Eastern Zone (VVZE) အဖွဲ့က မေလ ၂၇ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားပါသည်။ ယင်းသို့ လမ်းပိတ်ဆို့ထားမှုကြောင့် ကူကီးဒေသခံများအတွက် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်တောက်နေ သည့် အပြင်၊ ကျေးရွာပြင်ပသို့ သွားလာလှုပ်ရှားခွင့်နှင့် ဆေးဝါးကုသခွင့်များပါ ဆုံးရှုံးနေရသဖြင့် ဤလုပ်ရပ်

သည် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းရှိ အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အကယ်၍ သတ်မှတ်အချိန်အတွင်း ပိတ်ဆို့ထားသော စီးပွားရေးလမ်းကြောင်းများကို ရုပ်သိမ်းခြင်းမရှိပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲအကျိုးဆက်များကို တန်ခူလ်းအဖွဲ့များနှင့် ၎င်းတို့၏ လက်နက်ကိုင်များကသာ အပြည့်အဝ တာဝန်ခံရမည်ဖြစ်ကြောင်း သတိပေးထားပါသည်။

## မေ ၂၈၊၂၀၂၆

စစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ တရားဝင်ခရီးစဉ်ကို ကန့်ကွက်ရန် အတွက် နယူးဒေလီရောက် မြန်မာအင်အားစုများက မေလ ၂၉ ရက် (သောကြာနေ့) ညနေ ၄ နာရီမှ ၆ နာရီအထိ ဂျန်တာမန်တာတွင် ဆန္ဒဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။ ထိုဆန္ဒပြပွဲကို Burma House-New Delhi အဖွဲ့က အိန္ဒိယအစိုးရထံမှ တရားဝင်ခွင့်ပြုချက်ရယူကာ ဥပဒေနှင့်အညီ စနစ်တကျ စီစဉ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြရန် နှိုးဆော်ထားပါသည်။ မေလ ၃၁ ရက်တွင် ရောက်ရှိလာမည့် ယခုခရီးစဉ်သည် သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ် ဖြစ်ကာ၊ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံ အကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက် ရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း စစ်ကောင်စီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အတည်ပြုထုတ်ပြန်ထားပါသည်။

## မေ ၂၉၊ ၂၀၂၆

စစ်ကောင်စီတပ်က ချင်းပြည်နယ်တောင်ပိုင်းကို အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်ရန် ပြင်ဆင်နေမှု ကြောင့် မင်းတပ်မြို့ခံအချို့ ဘေးလွတ်ရာသို့ စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြစဉ်၊ လူမရှိသည့်နေအိမ်များကို

မသမာသူများက ဖောက်ထွင်းခိုးယူမှုများ ရှိလာသောကြောင့် မင်းတပ်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) က မေလ ၂၇ ရက်တွင် ညမထွက်ရအမိန့် ထုတ်ပြန်လိုက်သည်။ အဆိုပါ ဒေသန္တရအမိန့်အရ ပြည်သူများအနေဖြင့် ညစဉ် ၉ နာရီမှ နံနက် ၅ နာရီအတွင်း ပြင်ပသို့ သွားလာခြင်းမပြုဘဲ မိမိတို့နေအိမ် သို့မဟုတ် ဖုံးခိုကျင်းများတွင်သာ နေထိုင်ကြရန် တားမြစ်ထားပြီး၊ ပြည်သူ့ပစ္စည်းများကို ကာကွယ်ရန် ညစဉ်လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်လျက်ရှိကာ ဤအမိန့်သည် နောက်ထပ်အမိန့်တစ်စုံတစ်ရာ မရမချင်း အတည်ဖြစ်ပါသည်။

## မေ ၂၉၊ ၂၀၂၆

ချင်းပြည်နယ်တောင်ပိုင်း၊ ကန်ပက်လက်မြို့နယ်အရှေ့ခြမ်းကို စစ်ကောင်စီက နေပြည်တော်မှ တက်လာသည့် ဂျက်ဖိုက်တာဖြင့် ဗုံးလေးလုံးကြဲကာ နှစ်ကြိမ်တိုင်တိုင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အပြင်၊ မေလ ၂၉ ရက်နေ့တွင်လည်း ကန်ပက်လက်နှင့် ဆောနယ်စပ်သို့ Y-12 လေယာဉ်ဖြင့် လက်နက်နှင့် ရိက္ခာများ လာရောက်ချထားပေးခဲ့သဖြင့် ရှေ့တန်းတွင် နှစ်ဖက်တိုက်ပွဲများ ပိုမိုပြင်းထန်လာနိုင်ကြောင်း၊ မြေပြင်စစ်ရေးအခြေအနေတွင် ပြီးခဲ့သည့် မေလ ၁၆ ရက်ကတည်းက ဆောမြို့ဘက်မှ ကန်ပက်လက်သို့ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်များသည် လက်ရှိအချိန်ထိ ၆ မိုင်ဝန်းကျင်အနီး၌ပဲ ရှိနေသေးပြီး၊ ကျောက်ထုဘက်မှ စစ်ကြောင်းခွဲကာ ထွက်ခွာလာသည့် အခြားစစ်ကြောင်းတစ်ခုမှာမူ ဆောမြို့နယ် ကျောက်စစ်ရွာသို့ ရောက်ရှိနေကာ ကန်ပက်လက်ဘက်သို့ စစ်ကူပေးရန် သို့မဟုတ် ဆောမြို့ထဲသို့ ဝင်ရောက်ရန် ပြင်ဆင်နေပါသည်။

**မေ ၃၀၊ ၂၀၂၆**

CDF – ဟားခါး တည်ထောင်သူအဖွဲ့ဝင်နှင့် ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်သူ ဆလိုင်းဆန်လိန်းကို အထွေထွေအတွင်းရေးမှူး ဆလိုင်းဇာကျုံးလျန်က သေနတ်ဖြင့် ပစ်သတ်ခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ အမှန်တရားဖော်ထုတ်ရန် အထူးစုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ် ဖွဲ့စည်းကာ စစ်ဆေးနေကြောင်း CDF - ဟားခါးဗဟိုကောင်စီက မေလ ၂၈ ရက်တွင် ထုတ်ပြန်ထားပါသည်။ ပြီးခဲ့သည့် မေလ ၁၅ ရက်က ခွင့်ပြုချက်မရှိဘဲ ရုံးချုပ်ခန်းမကို လာရောက်ဖြိုဖျက်သည့် ဆလိုင်းဆန်လိန်းနှင့် အထွေထွေအတွင်းရေးမှူးတို့ စကားများရန်ဖြစ်ရာမှ ကိုယ်ထိလက်ရောက် ကျူးလွန်မှုဖြစ်ပွားခဲ့ပြီး၊ နောက်ပိုင်းတွင် ဆလိုင်းဆန်လိန်းကို ဖမ်းဝရမ်းဖြင့် ဖမ်းဆီးနေစဉ်အတွင်း အထွေထွေအတွင်းရေးမှူးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိတွင် လူသတ်မှုကျူးလွန်သည့် အထွေထွေအတွင်းရေးမှူးကို ရာထူးမှရပ်ဆိုင်းကာ ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားပြီး၊ ချင်းလဲန်းကောင်စီ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စစ်ဥပဒေတို့နှင့်အညီ ပြည်သူ့ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ တရားစီရင်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း အရေးပေါ် စစ်ရေးအခြေအနေများနှင့် ကျန်ရစ်သူမိသားစုကို နှစ်သိမ့်ရခြင်းတို့ကြောင့် သတင်းထုတ်ပြန်မှု နောက်ကျခဲ့ရခြင်းကို ပြည်သူများအား တောင်းပန်ကြောင်း ဖော်ပြထားပါသည်။

**မေ ၃၀၊ ၂၀၂၆**

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးပြတ်တောက်ခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေးများ ကျောင်းပြန်တက်နိုင်ရေးအတွက် ပြုလုပ်မည့် အဆင့်သတ်မှတ် စမ်းသပ်ချက်စာမေးပွဲ (Placement Test) ဖြေဆိုရန် ပထမ ၅ ရက်အတွင်း စာရင်းပေးသွင်းသူ ကျောင်းသား

သုံးထောင်ကျော်ရှိနေပြီး ၎င်းတို့အနက် ချင်းပြည်နယ် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များမှ စစ်ဘေးရှောင်လာသည့် ကလေးငယ်အများစု ပါဝင်နေပါသည်။ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၎င်းစာမေးပွဲအတွက် မေလ ၂၂ ရက်မှ ဇွန်လ ၅ ရက်အထိ စာရင်းပေးသွင်းနိုင်ပြီး၊ အသက်အုပ်စုအလိုက် Grade 1 မှ Grade 8 အထိ သတ်မှတ်ဖြေဆိုခွင့်ပေးကာ အောင်မြင်သူများသည် အတန်းတစ်တန်းတိုး၍ ကျောင်းဆက်တက်ခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိတွင် ကလေးမြို့၌ ပုံမှန် ကျောင်းအပ်နှံသူ ဦးရေ တစ်သောင်းခွဲအထိ ရှိနေပြီး၊ အဆိုပါ အဆင့်သတ်မှတ်စမ်းသပ်ချက် စာမေးပွဲ များကို လာမည့် ဇွန်လ ၁၅ ရက်မှ ၂၀ ရက်အထိ သက်ဆိုင်ရာ မြို့နယ်စာစစ်ဌာနများတွင် စစ်ဆေးသွား မည်ဖြစ်ပါသည်။